http://www.dhammadownload.com



# လူ့အဖြစ်ရခဲတယ်လည်းဆိုတယ် လူတွေလည်းများလှပါလားဘုရား

## (၁၉)

“ဘိက္ခဝေ အပ္ပမာဒေန သမ္ပာဒေထ၊
ဒုလ္လဘော ဗုဒ္ဓုပ္ပါဒေါ လောကသ္မိံ၊
ဒုလ္လဘော မနုဿတ္တပဋိလာဘော၊
ဒုလ္လဘာ (သဒ္ဓါ) သမ္ပတ္တိ၊
ဒုလ္လဘာ ပဗ္ဗဇ္ဇာ၊
ဒုလ္လဘံ သဒ္ဓမ္မဿဝနံ၊ ဧဝံ ဒိဝသေ ဒိဝသေ
ဩဝဒိ” (သီလက္ခန္ဓအဋ္ဌကထာ)

**ဘိက္ခဝေ**=ရဟန်းတို့၊ **အပ္ပမာဒေန**=မမေ့လျော့သော အပ္ပမာဒ သတိတရားနှင့်၊ **သမ္ပာဒေထ**=ပြည့်စုံစေကြကုန်လော့၊ **လောကသ္မိံ**=

http://www.dhammadownload.com



လောကထဲ၌၊ **ဗုဒ္ဓုပ္ပါဒေါ**=ဘုရားပွင့်တော်မူသောကာလကို၊ **ဒုလ္လဘော**=ရခဲ၏၊ **မနုဿတ္တပဋိလာဘော**=လူ့အဖြစ်ကိုရခြင်းကို၊ **ဒုလ္လဘော**=ရခဲ၏၊ **သဒ္ဓါသမ္ပတ္တိ**=သဒ္ဓါတရားနှင့်ပြည့်စုံသော အဖြစ်ကို၊ **ဒုလ္လဘာ**=ရခဲ၏၊ **ပဗ္ဗဇ္ဇာ**=ရှင်ရဟန်းအဖြစ်ကို၊ **ဒုလ္လဘာ**=ရခဲ၏၊ **သဒ္ဓမ္မဿဝနံ**=သူတော်ကောင်းတရားကို ကြားနာရသည့် အဖြစ်ကို၊ **ဒုလ္လဘံ**=ရခဲ၏၊ **ဧဝံ**=ဤသို့၊ **ဒိဝသေဒိဝသေ**= နေ့တိုင်း နေ့တိုင်း၊ **ဩဝဒိ**=ဆုံးမတော်မူ၏။

ဤကား ဒုလ္လဘတရားငါးပါးတို့ဖြစ်ကုန်၏၊ ယင်းငါးပါးတို့ကို ပြရာ၌ တစ်နေရာနှင့်တစ်နေရာ ပါဠိအနေအထားမတူတတ်ပါ၊ ဤတွင်မူ သီလက္ခန်အဋ္ဌကထာမှ ပါဠိကို ထည့်လိုက်ပါသည်၊ ယင်းတွင် သုံးခုမြောက်ဒုလ္လဘတွင်သဒ္ဓါမပါပါ၊ သို့ဖြစ်၍လက်သည်းကွင်းဖြင့် ထည့်လိုက်ပါသည်။ ယင်းတွင်–

## ၁။ ဘုရားပွင့်ခဲမှု

ဘုရားရှင်တို့သည် လေးသင်္ချေနှင့်ကမ္ဘာတစ်သိန်း ပါရမီဖြည့်ရသော **ပညာဓိကဘုရားရှင်,** ရှစ်သင်္ချေ နှင့်ကမ္ဘာတစ်သိန်း ပါရမီဖြည့်ရသော **သဒ္ဓါဓိကဘုရားရှင်,** တစ်ဆယ့်ခြောက်သင်္ချေနှင့်ကမ္ဘာတစ်သိန်းပါရမီဖြည့်ရသော **ဝီရိယာဓိကဘုရားရှင်** ဟူ၍ ဘုရားရှင်(၃)မျိုးတို့ ရှိကုန်၏။

ယင်းသို့ လေးသင်္ချေ, ရှစ်သင်္ချေ, တစ်ဆယ့်ခြောက်သင်္ချေနှင့် ကမ္ဘာတစ်သိန်းပါရမီဖြည့်မှ ဘုရားအဖြစ်သို့ ရောက်တော်မူ

http://www.dhammadownload.com



ကုန်သောကြောင့် လောကဦဘုရားရှင်ပွင့်တော်မူဖို့ ခဲယဉ်းသည်ဟု ဆိုသည်။

## ၂။ လူ့ဖြစ်ခဲမှု

ဤလူဖြစ်ဖို့ ခဲယဉ်းပုံနှင့် ပတ်သက်၍ လူတို့သည် သံသယ ဖြစ်လာ၏။ လူဖြစ်ဖို့ ခဲယဉ်းသည်ဟုလည်းဆိုသည်။ ကမ္ဘာပေါ်တွင် လူဦးရေသန်းပေါင်းလည်း သုံးထောင်ကျော်နေပါလားဟု စဉ်းစား လာ၏။ မိမိကို တစ်ခါက ဒကာတစ်ယောက် ကိုယ်တိုင် မေးလျှောက်၏-

"အရှင်ဘုရား လူဖြစ်ဖို့ ခဲယဉ်းတယ်လည်းဆိုတယ်၊ လူ့အဖြစ် ရခဲတယ်လည်း ဆိုတယ်၊ လူတွေလည်းများလှပါလားဘုရား။ တရားဝင် ပဋိသန္ဓေတားမှုတွေတောင် ပြုနေရတယ်ဘုရား။ အဲဒါ ဘယ်လိုပါလဲဘုရား"

"အင်း...အဲဒါ ဘယ်လိုလဲလို့ သိချင်ရင် လူလေးမျိုးကို ပထမဦးဆုံး သိဖို့လိုမယ်၊ လူလေးမျိုးက-

က။ လူ့ငရဲသား၊

ခ။ လူ့တိရစ္ဆာန်၊

ဂ။ လူ့ပြိတ္တာ၊

ဃ။ လူ့ပရမတ္ထ(လူစစ်)

လို့ လူလေးမျိုးရှိတယ်လို့ သိထား ဒကာကြီး"

"မှန်ပါအရှင်ဘုရား"

http://www.dhammadownload.com



က။ အဲဒီလူလေးမျိုးမှာ "အကုသိုလ်ကံတစ်ခုခုကြောင့် အဖမ်းအဆီး အချုပ်အနှောင် အနှိပ်အစက်ခံနေရတဲ့သူ, မစားနိုင်မသောက်နိုင် မဝတ်နိုင်နဲ့ အမြဲတစေ နာမကျန်းဖြစ်ပြီး ကိုယ်ဆင်းရဲ, စိတ်ဆင်းရဲကြုံနေရသူတွေဟာ လူ့ငရဲသားတွေပဲ"

"မှန်ပါအရှင်ဘုရား"

ခ။ သူတစ်ပါးတွေရဲ့ အနိုင်းအစေသာ အမြဲခံနေရတဲ့လူ၊ ဘုရား၊ တရား၊ သံဃာ၊ ရတနာသုံးပါးဆိုတာ ဘာမှန်းမှမသိသူ၊ အိပ်မှု, စားမှု, မေထုန်မှီဝဲမှု မျှလောက်သာ သိသူတွေဟာ လူ့တိရစ္ဆာန်တွေပဲ"

"မှန်ပါအရှင်ဘုရား"

ဂ။ စား, ဝတ်, နေ, နေရေး မပြေလည်လို့ တစ်နေ့ တစ်နေ့ နေထွက်မှနေဝင်, နေဝင်မှနေထွက် နေ့မအား ညမအား စားဝတ်နေရေးပဲလုံးပန်းနေရသဖြင့် ကိုယ်ပင်ပန်း, စိတ်ပင်ပန်းကြုံနေရသူတွေဟာ လူ့ပြိတ္တာတွေပဲ၊ ကျောင်းကန်ဘုရား သွားခွင့် မရဘူး၊ မသွားနိုင်ဘူး"

"မှန်ပါအရှင်ဘုရား"

"အဲဒီ လူသုံးမျိုးဟာ လူဟုသမုတ်အပ်ပင် သမုတ်အပ်သော်လည်း သူတို့ဒုက္ခနှင့်သူတို့၊ သူတို့မသိမှုနှင့်သူတို့ ဆင်းရဲနေရကား ရတနာသုံးပါးကို ဖူးမြော်နိုင်ခွင့်၊ ဆည်းကပ်နိုင်ခွင့်မရလို့ သူတို့ကို လူလို့ သို့မဟုတ် လူစစ်လို့ မခေါ်နိုင်ဘူး၊ "ငရဲသား, တိရစ္ဆာန်,

http://www.dhammadownload.com



ပြိတ္တာ” လို့ပဲခေါ်ရမယ်”

“မှန်ပါအရှင်ဘုရား”

ဃ။ မျက်မှောက်ဘဝမှာ စီးပွားချမ်းသာကို လွယ်ကူ ချမ်းသာစွာ တရားသဖြင့် ရှာဖွေနိုင်၊ ရတနာသုံးပါးလည်း ဆည်းကပ်နိုင်သဖြင့်ကိုယ်ချမ်းသာ, စိတ်ချမ်းသာနှင့်ပြည့်စုံတဲ့လူတွေဟာ လူပဲ၊ လူစစ်ပဲ၊ လူ့ပရမတ္ထပဲ၊ မျက်မှောက် တမလွန် အကျိုးနှစ်ပါးရသူပေါ့”

“မှန်ပါအရှင်ဘုရား”

“အဲဒီလူမျိုးဖြစ်ဖို့ မခဲယဉ်းဘူးလား ဒကာကြီး”

“မှန်ပါ အဲဒီလူမျိုးတော့ ဖြစ်ဖို့ ခဲယဉ်းပါတယ်ဘုရား”

“ကဲ...ဒီတော့ ခနက နံပါတ်တစ် ဘုရားပွင့်ခဲနှင့် ယခု နံပါတ်နှစ် လူဖြစ်ဖို့ ခဲယဉ်းဆိုတာမှာ လူလေးမျိုးအနက် လေးခုမြောက် လူ, လူစစ်, လူ့ပရမတ္ထနှင့် ဘုရားနှင့်ကြုံမှ လူဖြစ်ရကျိုးနပ်မှာ”

“မှန်ပါတယ် အရှင်ဘုရား”

“ကဲ...ခုနက လူ့ငရဲသား, လူ့တိရစ္ဆာန်, လူ့ပြိတ္တာ”တို့ကျတော့ ခုလို ဘုရားပွင့်ပြီး ဘုရားတရားတွေ ကျင့်ကြံသဖြင့် အကျိုးရနိုင်တဲ့ ခေတ်ကြီးမှာ သူတို့အတွက် ဘုရားမနီး, တရားမနီးသဖြင့် ဘာအကျိုးရှိသေးလဲ?

“ဘာအကျိုးမှ မရှိပါ အရှင်ဘုရား”

“သူတို့နဲ့ တကယ့်ငရဲသား, တိရစ္ဆာန်, ပြိတ္တာတွေ ဆင်းရဲ

http://www.dhammadownload.com



ခြင်း, အမူအကျင့်ခြင်း, မသိတာခြင်း ဘာထူးသေးလဲ?

"မထူးပါအရှင်ဘုရား"

"လူစစ်နှင့်သူတို့နှင့် မကွာဘူးလား?

"ကွာပါတယ်အရှင်ဘုရား"

"အင်း...ဒါ့ကြောင့်အဲဒီလူ ၃-မျိုးကို နှုတ်လိုက်ရင်တကယ့်လူစစ်ဟာ ဘယ်လောက်ပဲ ကျန်တော့မလဲ"

"မပြောပတော့လောက်ပါ အရှင်ဘုရား"

## ရပ်ပြစ်ရှစ်ပါး

"တစ်နည်းပြောမယ်ဆိုရင် ရပ်ပြစ်ရှစ်ပါးနဲ့ ပြောနိုင်သေးတယ် ဒကာကြီး"

"မှန်ပါ၊ အမိန့်ရှိပါဦးအရှင်ဘုရား"

"လောကမှာ ဘုရားရှင် ကိုယ်တော်ကြီးက ပွင့်ထွန်းပေါ်ပေါက်တော်မူပြီး သစ္စာလေးပါး မြတ်တရားတွေ လှည့်လည်ပြီး ဟောတော်မူနေတယ်၊ အဲဒီအခါမှာ အချို့လူက-

၁။ "ငရဲကျနေတယ်-

"သူ့အတွက် ဘုရားပွင့်ကျိုးနပ်သေးသလား?

"မနပ်တော့ပါ အရှင်ဘုရား"

"အဲဒါက တကယ့်ငရဲသား အစစ်နော်"

"မှန်ပါ အရှင်ဘုရား"

၂။ "တစ်ချို့လူက တိရစ္ဆာန်ဖြစ်နေတယ်-

http://www.dhammadownload.com



"သူ့အတွက်လည်း ဘုရားပွင့်ကျိုးနပ်သေးလား?

"မနပ်တော့ပါ အရှင်ဘုရား"

"အဲဒါကလည်း တကယ့် တိရစ္ဆာန်အစစ်နော်"

"မှန်ပါအရှင်ဘုရား"

၃။ "တစ်ချို့လူက ပြိတ္တာဖြစ်နေတယ်-

"သူ့အတွက်လည်း ဘုရားပွင့်ကျိုးနပ်သေးလား?

"မနပ်တော့ပါ အရှင်ဘုရား"

"အဲဒါကလည်း တကယ့် ပြိတ္တာအစစ်နော်"

"မှန်ပါအရှင်ဘုရား"

"ကဲ...အဲဒီ အစစ်ဖြစ်တဲ့ 'ငရဲသား, တိရစ္ဆာန်, ပြိတ္တာ' တွေနဲ့ ခုနက လူ့ငရဲသား လူ့တိရစ္ဆာန်, လူ့ပြိတ္တာတွေနဲ့ ဘုရားရှင်နှင့် ဘုရားရှင်ရဲ့ တရားတော်နဲ့ လွဲရခြင်း ဘာထူး သေးလဲ?

"မထူးပါ အရှင်ဘုရား"

"ဒါဖြင့် အဲဒီလူ့ငရဲသား, လူ့တိရစ္ဆာန်, လူ့ပြိတ္တာတွေကို လူခေါ်မလား?

"လူမခေါ်နိုင်ပါ အရှင်ဘုရား"

"ကဲ...ရှေ့ဆက်ကြစို့"

"မှန်ပါ အမိန့်ရှိပါဘုရား"

၄။ "တစ်ချို့လူက အသက်ရှည်တဲ့တရားမနာနိုင်တဲ့ ဗြဟ္မာ ကြီး ဖြစ်နေတယ်၊ **(အသညသတ် ဗြဟ္မာ, အရူပဗြဟ္မာ)**

http://www.dhammadownload.com



"ကဲ...သူတို့အတွက်လည်း ဘုရားပွင့်ကျိုးနပ်ရသေးလား?

"မနပ်တော့ပါ အရှင်ဘုရား"

"အဲဒါက ဗြဟ္မာအဖြစ်နှင့် ဘုရားနဲ့ဝေးတာ"

"မှန်ပါ အရှင်ဘုရား"

၅။ "တစ်ချို့လူက တိုင်းစွန်ပြည်ဖျား ကလနားမှာ သွားပြီး လူဖြစ်တယ်၊ အဲဒီဒေသသို့ ဘုရားရှင်လည်း မကြွ, ဘုရားတရား ဟောနိုင်တဲ့ ပုဂ္ဂိုလ်ကောင်းတွေလည်း မကြွဘူး"

"ကဲ...သူ့အတွက်လည်း ဘုရားပွင့်ကျိုးနပ်သေးလား?

"မနပ်တော့ပါ အရှင်ဘုရား"

"ကဲ...အဲဒီလူကို လူ လေးမျိုးထဲ ထည့်ကြည့်ရင် ဘယ်အထဲပါနိုင်မလဲ?

"တိရစ္ဆာန်ထဲပါနိုင်ပါတယ် ဘုရား"

"အင်း...အသိဉာဏ်က ရတနာသုံးပါးဆီ မရောက်နိုင်တော့ဘဲအိပ်မှု, စားမှု, မေထုန်မှီဝဲမှုလောက်ပဲ သိတာမို့ တိရစ္ဆာန်ထဲပဲထည့်နိုင်တာပေါ့"

၆။ "တစ်ချို့က မှားတဲ့အယူရှိနေတယ်–

"အဲဒီလူတွေ အတွက်လည်း ဘုရားပွင့်ကျိုးနပ်သေးလား?

"မနပ်တော့ပါ အရှင်ဘုရား"

"သူလည်း လူလေးမျိုးမှာ ဘယ်အထဲထည့်မလဲ?

"တိရစ္ဆာန်ထဲပဲထည့်ပါမယ် ဘုရား"

၇။ "တစ်ချို့က ဉာဏ်မရှိဘူး–

http://www.dhammadownload.com



"အဲဒီလူတွေအတွက်လည်း ဘုရားပွင့်ကျိုးနပ်သေးလား?

"မနပ်တော့ပါ အရှင်ဘုရား"

"အင်း...အဲဒီလူကိုတော့ ကေန်ပဲတိရစ္ဆာန်ထဲထည့်ဖို့ပဲ ရှိတော့တယ်နော်"

"မှန်ပါ အရှင်ဘုရား"

၈။ "အဲ...ယခုပြောမယ့် နောက်ဆုံးအမျိုးက ပြီးခဲ့တဲ့ အပြစ်ရှိတဲ့ ခုနစ်မျိုးမှတော့ လွတ်တယ်၊ ဘုရားရှင်နှင့်သာ တွေ့ရရင် တရားရနိုင်တယ်၊ ဒါပေမယ့် ဘုရားရှင်ကမပွင့်ဘူးတဲ့"

"မှန်ပါအရှင်ဘုရား"

"ကဲ...ယခုပြောခဲ့တဲ့ ရှစ်မျိုးနဲ့ ဘုရားနဲ့ဆိုင်သေးလား?

"မဆိုင်တော့ပါ အရှင်ဘုရား"

"အင်း...အဲဒီရှစ်မျိုးကလည်း လွတ်, အသိအလိမ္မာဉာဏ်ပညာလည်းရှိ ဘုရားရှင်နှင့်လည်း တွေ့ပြီး ဆည်းကပ်နိုင်, တရားတော် နာကြား မှတ်သား ကျင့်ကြံနိုင်တဲ့ လူဖြစ်ဖို့ လွယ်ပါ့မလား?

"မလွယ်ပါဘုရား"

"ဒါဖြင့် လူတွေများတယ်ဆိုတာ တကယ့်လူတွေ များတာ ဟုတ်ရဲ့လား?

"မဟုတ်ပါ အရှင်ဘုရား"

## ခြနဲ့နှိုင်းကြည့်

"တစ်မျိုးပြောမယ်ဆိုရင် ဒကာကြီး၊ ကမ္ဘာပေါ်မှာရှိသမျှ

http://www.dhammadownload.com



လူအားလုံးကိုပဲ လူလို့ တစ်မျိုးတည်း ယူပါဦး၊ အဲဒါဟာ ဘာများ ရှိလို့လဲ၊ ယခုဒကာကြီးတို့ ရေးမြို့တစ်မြို့ထဲမှာရှိတဲ့ခြတွေနဲ့ အဲဒီ လူတွေနဲ့ ဘယ်ကများမလဲ?

"ခြတွေက များပါမယ်ဘုရား"

"အဲဒီလိုပဲ ဒီတစ်မြို့ထဲမှာရှိတဲ့ ပရွက်ဆိတ်တွေနဲ့ ကမ္ဘာပေါ်ရှိ လူတွေနဲ့ ဘယ်ကများမလဲ?

"ပရွက်ဆိတ်တွေက များပါမယ်ဘုရား"

"အင်း...အဲဒီ တိရစ္ဆာန်စစ်စစ်တွေနဲ့ လိုက်နှိုင်းစာမယ် ဆိုရင်တော့ လူအကုန်လုံးနဲ့ကို နှိုင်းနိုင်တယ်နော်"

"မှန်ပါ အရှင်ဘုရား"

"အမှန်စင်စစ်ကတော့ ခုနက ပြောခဲ့တဲ့ လူ့အဆင့်အတန်းမီ အသိဉာဏ်ရှိတဲ့ လူ့အဖြစ်ကို ရခဲတယ်ဆိုတာပါပဲ ဒကာကြီး"

"မှန်ပါအရှင်ဘုရား"

"အဲဒီလို ဆိုပုံကို မဃဒေဝလင်္ကာမှာ မန်လည်ဆရာတော်ဘုရားကြီးကလည်း ဒီလို လင်္ကာသီခဲ့တယ်–

* ကာမငါးစုံ၊ ငါးအာရုံတို့၊ မီးပုံတူလှ၊
သူငါစသား၊ ထိုမျှကြီးငယ်၊ လူပေါ်ယယ်မှု၊
ပိုးနှယ်မိုက်ရှူး၊ မီး၌မြူး၏၊ ယူးယူးသေမင်း၊
ခေါင်းထက်နင်းလည်း၊ မလင်းဉာဏ၊ မသိကြဘူး၊
အစသညာ၊ ကြာမိစ္ဆာနှင့်၊ သမ္မာမယှဉ်၊
ပညာကြဉ်လျက်၊ ငယ်စဉ်တဏှာ၊ အိုခါဒိဋ္ဌိ၊

http://www.dhammadownload.com



မျောက်နဲ့မိသို့, ကပ်ငြိကိုယ်လုံး, ဘ၀ရှုံးအောင်,
သက်ဆုံးပျော်မြူး, အမိုက်ကြူး၏, မူးတူးမင်တင်,
အမြင်မရှိ, အသိကင်းငြား, အပျော်ပါးနှင့်,
အိပ်စားသာမျှ, ဘ၀ဖျင်းသုန်, ဂုဏ်အနှစ်မဲ့,
အကာပြဲ့သား, အကဲ့လုံးလုံး, ငှက်ပျောတုံးသို့
ပခုံးကြားရောက်, ဦးခေါင်းပေါက်လည်း,
ပေါက်သည့်ဦးခေါင်း, မွေးဆောင်းဆောင်းမျှ,
ဦးခေါင်းချင်းမူ, တူကုန်တမင်, ဉာဏ်နှင့်ဦးခေါင်း,
လွန်နည်းတောင်း၏, သောင်းပြောင်းလူမှာ,
ထူပြောစွာ၏–တဲ့"

"မှန်ပါ အရှင်ဘုရား"

"ကဲ...ဒါဖြင့် ဒီပြဿနာထားပြီး ဒုလ္လဘတရား ဆက်သွားကြဦးစို့နော်"

"မှန်ပါ အရှင်ဘုရား"

## ၃။ သဒ္ဓါဖြစ်ခဲမှု

သဒ္ဓါဆိုတာက ရတနာသုံးပါး၏ ဂုဏ်တော်ကို ယုံကြည်မှု, ပြုအပ်သမျှကံသည် သတ္တဝါတို့ သန္တာန်၌ သတ္တိတစ်မျိုးမျိုးအားဖြင့် ရှိနေသည်ဟု ယုံကြည်မှု, ထိုကံ၏ ကောင်းကျိုး မကောင်းကျိုး ရှိ၏ဟုယုံကြည်မှု ရှေးအတိတ်ဘ၀မှ ယခု ပစ္စုပ္ပန်ဘ၀သို့ လားရောက်ခဲ့ရသည်ဖြစ်၍ အတိတ်ဘ၀ကို ထောက်လျှင် ပစ္စုပ္ပန်ဘ၀အမှန်ရှိ၏ဟု ယုံကြည်မှုမျိုးကို သဒ္ဓါဟုခေါ်တယ်"

http://www.dhammadownload.com



"မှန်ပါ အရှင်ဘုရား"

"လက်ာအနေနဲ့ မှတ်ချင်ရင် ဒီလိုမှတ်ထား–

"ရတနာသုံးတန် ပစ္စုပ္ပန်နှင့်

သံသရာမျိုး၊ ကံအကျိုးတို့၊

ရှိးရှိးဟုမြင်၊ သက်ဝင်ကျေနပ်၊

ယုံကြည်တတ်၊ မှတ်လေသဒ္ဓါတည်း"(သဂြိုဟ်ဘာသာဋီကာ)

"မှန်ပါအရှင်ဘုရား"

"အဲဒီလို သဒ္ဓါစစ်၊ သဒ္ဓါမှန်ဟာ ဘယ်လောက်ရခဲသလဲဆိုရင် တောထဲမှာရှိတဲ့ ဆင်မဲကို ဖြူအောင်ဆိုပြီး ထုံးအိုင်ထဲမှာ ဖွပ်ဆေးသော်လည်း မဖြူနိုင်သလို ထိုအတူ လူတစ်ကုဋေတွင် တကယ့်သဒ္ဓါနှင့်ပြည့်စုံတဲ့လူ တစ်ယောက်ရဖို့ ခဲယဉ်းတယ်"တဲ့၊ အဲဒီအကြောင်းကို–

"မည်းနက်ဆင်းညို၊ မဖြူလိုသို့၊

လူဗိုလ်တွက်ခြေ၊ တစ်ကုဋေဝယ်၊

ရှာဖွေပတ်နှောက်၊ သဒ္ဓါပေါက်သား၊

တစ်ယောက်ရရဲ့၊ ရစခဲစွ"လို့ ရှင်အဂ္ဂသမာဓိက ဘုံခန်းပျို့မှာ ရေးထားတယ်ဒကာကြီး"

"မှန်ပါ အရှင်ဘုရား"

"အဲဒီလို တစ်ကုဋေမှ တစ်ယောက်ဆိုတော့ ကိုယ်တော်မှ သဒ္ဓါစစ် သဒ္ဓါမှန်ရှိသူ ဟုတ်ပါရဲ့လားလို့ စဉ်းစားစရာ မကောင်းဘူးလား"

http://www.dhammadownload.com



"မှန်ပါ ကောင်းပါတယ် အရှင်ဘုရား"

"အဲဒီ သဒ္ဒါဖြစ်ခဲ့ပုံနှင့် နှိုင်းစာရင် ပခုံးနှစ်ဖက်ကြား ဦးခေါင်း ပေါက်တဲ့လူတစ်ကုဋေမှာမှ လူ့အဆင့်အတန်းမှီ အသိဉာဏ်ရှိတဲ့လူ တစ်ယောက်ပဲရနိုင်တယ်ဆိုတာ မထင်ရှားဘူးလား?

"ထင်ရှားပါတယ် အရှင်ဘုရား"

"ဒါဖြင့် လူများလား နည်းလား"

"နည်းပါတယ် အရှင်ဘုရား"

"ကဲ ဒါဖြင့် ရှေ့သွားကြစို့"

"မှန်ပါ အရှင်ဘုရား"

## ၄။ ရှင်ရဟန်း ဖြစ်ခဲပုံ

"ဗုဒ္ဓ ဘုရားရှင် သာသနာတော်၌ ရှင်ရဟန်းဖြစ်ဖို့ ခဲယဉ်းတယ်-တဲ့"

"မှန်ပါ အရှင်ဘုရား"

"အဲဒါလည်း ဦးပဥ္စင်းတို့ မြန်မာနိုင်ငံအနေနဲ့ စဉ်းစားရင် လွယ်သလိုလို ဖြစ်မနေဘူးလား"

"မှန်ပါ ဖြစ်နေပါတယ် အရှင်ဘုရား"

"ကဲ...ဒါဖြင့် ကမ္ဘာ့လူဦးရေနဲ့ နှိုင်းကြည့်စမ်း၊ ရှင်ရဟန်းဖြစ်ဖို့ တကယ် မခဲယဉ်းဘူးလား"

"မှန်ပါ၊ တကယ်ခဲယဉ်းပါတယ် အရှင်ဘုရား"

"ရှင်ရဟန်းထဲမှာ ရှင်ကောင်း၊ ရဟန်းကောင်းနဲ့ လိုက်ပြီး

http://www.dhammadownload.com



စစ်ရင်တော့ ဆိုဖွယ်ရာ ရှိပါဦးမလား"

"မရှိတော့ပါ အရှင်ဘုရား"

"ဦးပဥ္စင်းတို့ ဘုရားအလောင်းတော်ဟာ လေးသင်္ချေနဲ့ကမ္ဘာ တစ်သိန်းအတွင်းမှာ ရှင်ရဟန်းဘ၀ (၉)ကြိမ်ပဲ ရခဲ့တယ်၊ ဒီတော့ မခဲယဉ်းဘူးလား"

"ခဲယဉ်းပါတယ် အရှင်ဘုရား"

"ကဲ...ရှေ့သွားကြစို့"

"မှန်ပါ အရှင်ဘုရား"

## ၅။ တရားနာခဲမှု

"ဘုရားရှင် ဟောတော်မူတဲ့ လေးသင်္ချေနဲ့ကမ္ဘာတစ်သိန်း တန်တဲ့ တရားတစ်ပုဒ်လောက်ကိုပဲ နာကြားဖို့ရာ အင်မတန် ခဲယဉ်းပါတယ်–တဲ့"

"မှန်ပါ အရှင်ဘုရား"

"ဘာဖြစ်လို့လဲဆိုတော့ ခုနက ပြောခဲ့တဲ့ လူ ၄–မျိုးမှာ လူစစ်လည်း ဖြစ်ရမယ်၊ ရပ်ပြစ်ရှစ်ပါးထဲကလည်း လွတ်ရမယ်၊ သဒ္ဓါတရားနှင့်လည်း ပြည့်စုံရမယ် စတဲ့ အကြောင်းကြောင်းစုံမှ တရားနာနိုင်တာ မဟုတ်လား"

"မှန်ပါ အရှင်ဘုရား"

"ကဲ...ဒီတော့ တရားနာနိုင်တဲ့ အဆင့်လောက် အသိဉာဏ် ရှိတဲ့ လူမျိုးပဲ ရှာကြည့်စမ်းပါ၊ မခဲယဉ်းဘူးလား။ ခဲယဉ်းလား"

http://www.dhammadownload.com



"ခဲယဉ်းပါတယ် အရှင်ဘုရား"

"ကဲ...ဒီတော့ ဒကာကြီးတို့မှာ ယခု ပြောခဲ့တဲ့ ဒုလ္လဘ တရား ခဲယဉ်းတရား ငါးပါးထဲက–

၁။ ပွင့်ခဲ့တဲ့ဘုရားနှင့် တွေ့ကြုံနေရပြီ၊

၂။ ဖြစ်ခဲတဲ့ လူ့အဖြစ်နှင့် ဖြစ်နေရပြီ၊

၃။ ဖြစ်ခဲတဲ့ သဒ္ဓါဖြစ်အောင် ကြိုးစားရမယ်၊

၄။ ရှင်မဖြစ်ရသေးရင်၊ ရှင်ဖြစ်အောင် ကြိုးစားရမယ်၊ ရှင်ဖြစ်ပြီးရင် ရဟန်းဖြစ်အောင်ကြိုးစားရမယ်၊

၅။ နာကြားဖို့ရာ ခဲယဉ်းပါတယ်ဆိုတဲ့ တရားတော်ကို ကြိုးစား နာကြားရမယ် မဟုတ်လား"

"ဟုတ်ပါတယ် အရှင်ဘုရား"

"အဲဒီလိုဆို လူအစစ်ဖြစ်မယ်၊ သို့မဟုတ်ရင်တော့ ဘယ်လို လူတွေ ဖြစ်မလဲဆိုတာတော့ သိလောက်ပြီနော်"

"မှန်ပါ အရှင်ဘုရား"

"ကဲ...ဒါဖြင့် တော်ကြစို့"

❁ ကမ္ဘာတစ်လွှား၊ လူတွေကား၊ များပြားလှသည်သာ။

❁ သို့ပင်များပြား၊ လူစစ်ကား၊ ရှားပါးလှသည်သာ။